


သဒ္ဓါကြည်လင်ပါရမီရှင် ဓမ္မမိတ်ဆွေ သူတော်ကောင်းတို့....

သဗ္ဗညုဗုဒ္ဓရှင်တော်မြတ်ဘုရား ဖွားမြင်တော်မူသောနေ့၊ ဗောဓိပင်ခြေ ပလ္လင်ဗွေ၌ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ခန္ဓာဒုက္ခကြီးသိမ်းတော်မူသောနေ့ထူးနေ့မြတ်အခါသမယတွင် မြတ်ဗုဒ္ဓသီတင်းသုံးတော်မူခဲ့ရာ ပရိဘောဂစေတီထိုက်သော ဗုဒ္ဓဂယာ မဟာဗောဓိပင်အား ညောင်ရေသွန်းဖြန်းလှူဒါန်းကြရာ အခါသမယတွင် တိပိဋကစရေဆရာတော်အရှင်သူမြတ် အရှင်ပညာသိရီလင်္ကာရ ဟောကြားတော်မူသော တရားတော်မြတ်ကို နာယူခြင်း နှင့် အသက်ဂုဏ်ဝါကြီးမြတ်ကြကုန်သော သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲအခမ်းအနား (၃)ရပ်ကို ဓမ္မာလောကကျောင်းတိုက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသောကြောင့် အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်များ**

**နေ့ရက် - ၁၃၇၅-ခု၊ ကဆုန်လပြည့် ဗုဒ္ဓနေ့၊ May 24, 2013**

**နေရာ - Dhammaloka Buddhist Society, 2500, Acapulco Dr, Miramar, FL 33023**

**အချိန် - ညနေ (၇)နာရီ မှစတင်ပါမည်။**

**မှတ်ချက် - ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့သို့ ကြွရောက်လာကြသော ပရိသတ်တို့အား မိမိတို့ သဒ္ဓါတရားအလျှောက် ကျွေးမွေးလှူဒါန်းလိုသော အစားအစာများကိုလည်း တပါတည်း ယူဆောင်လာနိုင်ပါသည်။ အပူဇော်ခံ ဘိုးဘွားများကို ဓမ္မာလောက အသင်းသူအသင်းသားများ ကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ သီးသန့်ဖိတ်ကြားပါမည်။**

**တိပိဋကစရေဆရာတော် လေယာဉ်လက်မှတ်အလှူရှင်** - ကိုရဲဝင်းနိုင် + မဟာန်စုယဉ်မိသားစု

**မေလ (၂၃) ရက်နေ့ နေ့ဆွမ်းအလှူရှင်** - ကိုသန့်ဇင်ကျော် + မသင်းသီတာခိုင် မိသားစု

**မေလ (၂၅) ရက်နေ့ နေ့ဆွမ်း အလှူရှင်** - ဒေါက်တာကျော်ဦး + ဒေါက်တာထွေးထွေးစိန်မိသားစု

**မေလ (၂၁) (၂၂) (၂၄) နေ့များတွင် ဦးဖေသန်း+ဒေါ်မြကြွယ်၊ ကိုရဲဝင်းနိုင်+မဟာန်စုယဉ်၊ ဒေါ်တင်တင်ဝင်း၊ မသန္တာဦးတို့က သံဃာတော်အရှင်သူမြတ်တို့အား အလှည့်ကျ အာရုဏ်ဆွမ်းနေ့ဆွမ်းပေးပို့လှူဒါန်းကြပါမည်။ ကိုယ်တိုင်လာရောက်ဆက်ကပ်လိုသူများလည်း လာရောက်ဆက်ကပ်လှူဒါန်းနိုင်ကြပါသည်။**

**ဓမ္မာလောကဗုဒ္ဓဘာသာအသင်း**

Tun Tun © Royal-myanmar.com



## တိပိဋကဓရဆရာ ဘဒ္ဒန္တ ပညာသိရီလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်း

ဘဒ္ဒန္တ ပညာသိရီလင်္ကာရသည် စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်၊ ခွက်ခွင်းရွာ၊ ခမည်းတော် ဦးအောင်ငြိမ်း+ မယ်တော် ဒေါ်မြသောင်း တို့မှ ၁၃၂၇-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၅)ရက်၊ (၂၀၊ ၅၊ ၁၉၆၅) ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။

**ဥပသမ္ပဒမင်္ဂလာ** - ၁၃၄၆-ခုနှစ်၊ နတ်တော်လပြည့်၊ သောကြာနေ့တွင် မန္တလေးမြို့ မှန်ကင်းကျောင်းတိုက်၊ ခဏ္ဍာသိမ်တော်၌ မုံရွာမြို့၊ ပဋ္ဌာနတာရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နာဂဝံသကို ဥပဇ္ဈာယ်ပြုလျက် မန္တလေးမြို့ ကြည်တင်ဆေးလိပ်ခုံပိုင်ရှင် ဦးလှမြင့်+ဒေါ်လှလှမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပညာသင်ကြားရာ ဆရာများ** - ဘဒ္ဒန္တ ပညာသိရီလင်္ကာရသည် ခွက်ခွင်းရွာ၊ အောင်မြေဘုမ္မိကျောင်းဆရာတော် ဦးပဝရ၊ မုံရွာမြို့ ပဋ္ဌာနတာရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နာဂဝံသနှင့် စာချဆရာတော်များ၊ ဆားလင်းကြီးမြို့နယ်၊ မိုင်းမြို့ သဒ္ဓမ္မဇောတိကျောင်းဆရာတော် ဘဒ္ဒန္တ ဉာဏိသရ၊ စစ်ကိုင်းတိုင်း မြင်းမူ ပဋ္ဌာနတာရုံကျောင်းတိုက်ဆရာတော်များ၊ မင်းကွန်း တိပိဋက ဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ဘုရားကြီးနှင့် မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကုမာရာဘိဝံသ၊ (နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ)၊ မင်းကွန်း တိပိဋကနိကာယကျောင်းတိုက် စီမံအုပ်ချုပ်မှု မဟာနာယက ဆရာတော်များထံတော်၌ ပရိယတ္တိ စာပေများကို သင်ကြားခဲ့ပါသည်။

**ဝင်နွှဲအောင်မြင် စာမေးပွဲသဘင်** - ရှင်သာမဏေဘဝဖြင့် အစိုးရဓမ္မာစရိယဘွဲ့၊ ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော်ဘွဲ့တို့ကို ရရှိတော်မူပြီးနောက် နိုင်ငံတော်အစိုးရ တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၃၆၈-ခုနှစ်တွင် ပိဋကနှစ်ပုံခွဲကို အာဂုံ+ရေးဖြေအောင်မြင်တော်မူပါသည်။

**ပန်းတိုင်ရည်မှန်း ဆက်ကြိုးပမ်း** - ဘဒ္ဒန္တ ပညာသိရီလင်္ကာရသည် ကျန်ရှိသော အဘိဓမ္မာနောက်ပိုင်း ယမိုက်-ပဋ္ဌာန်းကျမ်းတော်ကြီးကို ကျက်မှတ်လေ့လာ၍ ကြိုးပမ်းအားထုတ်ဖြေဆိုခဲ့ရာ ပထမအကြိမ်တွင် စာမေးပွဲဖြေဆိုခါနီး ကာလ၌ သည်းခြေကျောက်တည်ရောဂါကို အရေးပေါ်ခွဲစိပ်ကုသခဲ့ရသဖြင့် ဖြေဆိုခွင့် မရရှိခဲ့ပါ။ ဒုတိယအကြိမ်တွင်မူ စာမေးပွဲ ဝင်ရောက်ဖြေဆိုခဲ့သော်လည်း အာဂုံပြန်နေဆဲကာလ တွင် ဝီရိယလွန်ကဲမှုကြောင့် မူးမေ့လဲကျခဲ့သဖြင့် စာမေးပွဲကြီး ပြီးစီးအောင် မဖြေဆိုနိုင်ခဲ့ပေ။

**တိပိဋကဓရ သာသနာ့အာဇာနည်** - ၁၃၇၃-ခုနှစ်တွင်ကျင်းပသည့် (၆၈)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးသို့ မလျှော့ သော ဇွဲလုံ့လဖြင့် ဝင်ရောက်ဖြေဆိုတော်မူရာ အဘိဓမ္မာနောက်ပိုင်း (၂)ကျမ်းကို အောင်မြင်တော်မူသဖြင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော် ကို ရရှိတော်မူခဲ့ပါသည်။

သာသနာ့အာဇာနည် တိပိဋကဓရ ဆရာတော် ဟောကြားတော်မူသော တရားတော်များကို အတူတကွ နာယူပါရအောင် နိဗ္ဗာန်အကျိုး မျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ဓမ္မာလောကဗုဒ္ဓဘာသာအသင်း**

Tun Tun © Royal-myanmar.com


Tun Tun © Royal-myanmar.com